ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အစိုးရ
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန
ကျောက်တန်းမြို့နယ်

လူထုဗဟိုပြုစီမံကိန်း
National Community Driven Development Project (NCDDP)



# ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်
# Village Development Plan (VDP)

ကရင်ချောင်ကျေးရွာ၊ ကရင်ချောင်ကျေးရွာအုပ်စု

၂၀၁၇ ခုနှစ်    ကျောက်တန်းမြို့

## မာတိကာ


၁။ကျောက်တန်းမြို့နယ်မြေပုံ ........................................ 2

၂။ကရင်ချောင်းအုပ်စုမြေပုံ ........................................ 3

၃။ကျေးရွာအုပ်စုတွင်ပါဝင်သောကျေးရွာစာရင်းနှင့် ကျေးရွာသမိုင်းကြောင်း ........................................ 3

၄။ကျေးရွာအခြေခံအချက်အလက်များ ........................................ 5

၅။လူထုပူးပေါင်းပါဝင်သောလူမှုဆန်းစစ်ခြင်းနှင့်အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ် .................... 6

၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA tools များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ ..... 7

၇။ကော်မတီဝင်များရွေးချယ်ခြင်းနှင့်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ ........................ 23

၈။ ကျေးရွာကော်မတီဝင်များစာရင်း........................................26


၉။ပုံစံစ-၁။ကျေးရွာအချက်အလက် ........................................ 27

၁၀။ပုံစံစ-၃။ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် ........................................ 30

၁၁။အစည်းအဝေးမှတ်တမ်းများ ........................................ 32

၁၂။ကျေးရွာဖွံ့ဖြိုးရေးစီမံချက်အရည်အသွေးထိန်းချုပ်မှု (Checklist for VDP) ........................................ 33

## ၁။ ကျောက်တန်းမြို့နယ် မြေပုံ



ကျောက်တန်းမြို့နယ်ရှိ ကျေးရွာများ အခြေပြမြေပုံ
သန်လျင်မြို့နယ်
သုံးခွမြို့နယ်
ကျောက်တန်းမြို့
မုတ္တမပင်လယ်ကွေ့
ရည်ညွှန်းချက်
ကွန်ကရစ် (ဘီးနှစ်ဖက်) -
ကွန်ကရစ် -
ကတ္တရာ -
ကျောက် -
ဂဝံ -
မြေ -

## ၂။ ကရင်ချောင်ကျေးရွာအုပ်စုမြေပုံ



## ၃။ ကျေးရွာအုပ်စုတွင်ပါဝင်သော ကျေးရွာစာရင်းများ

**၁။ကရင်ချောင်ကျေးရွာ**

## ၄။ ကျေးရွာအခြေခံအချက်အလက်များ

**၁။ ကျေးရွာသမိုင်းအကျဉ်း**

ကရင်ချောင်ကျေးရွာသည် ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်တောင်ပိုင်းခရိုင်၊ ကျောက်တန်းမြို့နယ်နှင့် (၃၂) မိုင်ခန့်ကွာဝေးသော ရွာတစ်ရွာဖြစ်ပါသည်။ မော်ဂန်းချောင်း၏တောင်ဘက်ကမ်း (၇)မိုင် (၃)ဖာလုံခန့် အကွာတွင် တည်ရှိသည်။ ကရင်ချောင်ကျေးရွာကို လွန်ခဲ့သောနှစ်ပေါင်း (၂၀၀)ကျော်ခန့်က အိမ်ခြေ (၁၄၀)ဖြင့် စတင်တည်ထောင်ခဲ့ပါသည်။ကရင်ချောင်ကျေးရွာသည် အရှေ့ဘက်တွင် ဖွဲကနာကျေးရွာ၊အနောက်ဘက်တွင် ကွနီးကျေးရွာ၊တောင်ဘက်တွင် ကမာကလုတ်စံပြကျေးရွာ၊မြောက်ဘက်တွင် ရွာသစ်ကလေးကျေးရွာတို့နှင့် နယ်နမိတ်ချင်း ထိစပ်လျက်ရှိပါသည်။ ကရင်ချောင်ကျေးရွာရှိမြေဧရိယာအားလုံးမှာ လယ်ယာစိုက်ပျိုးနိုင်သည့် မြေနိမ့်လွင်ပြင်များဖြစ်ပြီး ပင်လယ်ရေမျက်နှာပြင်အထက် (၂၀)ပေ အမြင့်တွင် တည်ရှိပါသည်။ ကရင်ချောင် ကျေးရွာတွင် ဗမာလူမျိုး (၉၄.၈၄ %)ရှိပြီးဟိန္ဒူလူမျိုး (၅.၁၆ %)ရှိပါသည်။

လယ်ယာစိုက်ပျိုးရေး နှင့် မွေးမြူရေးလုပ်ငန်းကို အဓိက လုပ်ကိုင်ကြပါသည်။ ဝင်ငွေအသင့်အတင့် ကောင်းမွန်မှု ရှိပါသည်။ ပညာရေးကို အလေးထားဆောင်ရွက်ကြပါသည်။ ဘာသာတရား ကိုင်းရှိုင်းပြီး စည်းလုံးညီညွတ်၍ တစ်ဦးကို တစ်ဦး ရိုင်းပင်း ကူညီကြပါသည်။

## ၃။ လူနည်းစုလူမျိုးစုအိမ်ထောင်စု

| အမျိုးအစား | အိမ်ထောင်စု | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ဟိန္ဒူ | ၁၂ | ၁၉ | ၁၀ | ၂၉ |
| ခရစ်ယာန် | ၄ | ၃ | ၅ | ၈ |

## ၄။ ထိခိုက်လွယ်အုပ်စု

| ထိခိုက်လွယ်အုပ်စု | အိမ်ထောင်စု | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| သက်ကြီး | ၄၀ | ၁၅ | ၂၅ | ၄၀ |
| မြေယာမဲ့ | ၀ | ၀ | ၀ | ၀ |
| မသန်စွမ်း | ၂ | ၁ | ၁ | ၂ |

## ၅။ အဓိကစီးပွားရေးလုပ်ငန်းများ

| စိုက်ပျိုးရေး | မွေးမြူရေး | အသေးစားစီးပွားရေး | အခြား |
|---|---|---|---|
| စပါး | ကြက် | ဆန်စက် | နိုင်ငံခြားသွား |
| ပဲတီစိမ်း | ဝက် | ခွှေလှေ့စက် | ဆိုင်ကယ်ဂပ်ရှော့ |
|  | ဆိတ် | ဈေးဆိုင် |  |
|  | မန်ဒါလီ | စပါးအရောင်းအဝယ် |  |
|  | ဘဲ၊ငန်း | ပဲတီစိမ်းရောင်းအဝယ် |  |

## ၆။ ကျေးရွာအတွင်းအဓိက ပိုင်ဆိုင်မှုများ

| ကျေးရွာပိုင်ဆိုင်မှုများ | စိုက်ပျိုးမြေ | စားကျက်မြေ | ဥယျာဉ်မြေ | သဲ/ကျောက်ရရှိမှု | ရေတွင်း/ရေကန် | စက်ရေတွင်း |
|---|---|---|---|---|---|---|
| အရေအတွက် | ၄၀၆၀ | ၁ | မရှိ | မရှိ | -/၇ | ၁ |
| ကျေးရွာပိုင်ဆိုင်မှုများ | ကား | ထော်လာဂျီ | စပါးကြိတ်စက် | ရိတ်ခြွေစက်၊ခြွေလှေ့စက် | လယ်ယာသုံးစက် | ဈေးဆိုင် |
| အရေအတွက် | ၂ | ၇၀ | ၂ | ၁၀၊ ၁၀ |  | ၆ |

## ၇။ ကျေးရွာအတွင်းအခြားပိုင်ဆိုင်မှုများ


| ကျေးရွာပိုင်ဆိုင်မှုများ | ရေတင်စက် | ထွန် | ထယ် | ကျွဲ | နွား |
|---|---|---|---|---|---|
| အရေအတွက် | ၂ | ၂၅၄ | ၂၅၄ | ၁၀၀ | ၁၅၀ |
| ကျေးရွာပိုင်ဆိုင်မှုများ | ဝက်၊ဆိတ် | ဆိုင်ကယ် | ကျွမ်းကျင်လုပ်သား | လုပ်သား | လယ်ထွန်စက် |
| အရေအတွက် | ၂၀၀၊၅၀၀ | ၁၂၀ | ၁၅ | ၉၀၀ | ၄ |

## ၅။ လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်း နှင့် အကဲဖြတ်ခြင်း လုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိက ဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| ၁ | လူမှု ရေးနှင့် အရင်းအမြစ်ပြမြေပုံ | ၂၂-၁-၂၀၁၄ | ရပ်မိရပ်ဖ၊ ကျေးရွာ စေတနာ့ ဝန်ထမ်း | ၆၃ | ၄၂ | ၁၀၅ | အိမ်အမျိုးအစားများ၊ အခြေခံအဆောက်အဦးများ၊လမ်းပန်းဆက်သွယ်ရေးအခြေအနေလယ်ယာမြေများ၊ မြစ်ချောင်းများ၊ ရေတွင်း ရေကန်များ၊သစ်တောများ |
| ၂ | ရာသီစွင်ပြပြက္ခဒိန် | ၂၂-၁-၂၀၁၄ | ရပ်မိရပ်ဖ၊ ကျေးရွာ စေတနာ့ ဝန်ထမ်း | ၆၃ | ၄၂ | ၁၀၅ | ရာသီဥတု၊ စိုက်ပျိုးသီးနှံများ၊ လယ်ယာလုပ်ငန်းများ၊ နေ့စားလုပ်ငန်းများ၊ မွေးမြူရေးလုပ်ငန်းများ၊ ဝမ်းစာဖူလုံမှု နှင့် ပွဲတော်များ |
| ၃ | ဥစ္စာဓနကြွယ်ဝမှု အဆင့်သတ်မှတ်ချက် | ၂၂-၁-၂၀၁၄ | ချမ်းသာ၊ အလယ်အလတ်၊နွမ်းပါး အုပ်စုများ | ၆၃ | ၄၂ | ၁၀၅ | ကျေးရွာလူမှုစီးပွားအုပ်စုများခွဲခြားသတ်မှတ်နိုင်ရေးအတွက် အခြေခံစံနှုန်းများ သတ်မှတ်ခြင်း၊ကျေးရွာသားများနှင့် အများသဘောတူ ခွဲခြားသတ်မှတ်ခြင်း |
| ၄ | ဗင်းပုံစံသုံးသပ်ချက် | ၂၄-၁-၂၀၁၄ | ကျေးရွာအုပ်ချုပ်ရေးအဖွဲ့၊ ကျေးရွာလူထု | ၃၂ | ၃၁ | ၆၃ | ကျေးရွာတွင်းရှိ အဖွဲ့အစည်းများနှင့် မည်သို့သောလုပ်ငန်းများအတွက် မည်သည့်အဖွဲ့များချိတ်ဆက်လုပ်ကိုင်မှု |
| ၅ | ပင့်ကူအိမ် သုံးသပ်ချက် | ၂၄-၁-၂၀၁၄ | အမျိုးသားများ နှင့် အမျိုးသမီးများ | ၃၂ | ၃၁ | ၆၃ | အမျိုးသားများ နှင့် အမျိုးသမီးများ တန်းတူအခွင့်အရေး ရရှိမှု နှင့် မရရှိသည့် အကြောင်းအရင်းများ |
| ၆ | ပိုင်ဆိုင်မှုသုံးသပ်ခြင်း | ၂၂-၁-၂၀၁၄ | ရပ်မိရပ်ဖ၊ ကျေးရွာ စေတနာ့ ဝန်ထမ်း | ၆၃ | ၄၂ | ၁၃ | ကျေးရွာတွင်းရှိ ပိုင်ဆိုင်ထားသော အရင်းအမြစ်များအားသိရှိခြင်း |

၆။ ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်အတွက် အသုံးပြုခဲ့သော PRA tools များနှင့် တစ်ခုချင်းစီအတွက်သုံးသပ် ချက်များ

**၁။ လူမှုရေးနှင့် အရင်းအမြစ်ပြမြေပုံ သုံးသပ်ချက်။**





**သုံးသပ်ချက်**

ကရင်ချောင်အုပ်စု ၊ကရင်ချောင်ကျေးရွာသည် ကျောက်တန်းမြို့အရှေ့တောင်ဘက်တွင် တည်ရှိပြီး အိမ်ထောင်စု ၃၂၇ ဖြင့် တည်ရှိနေသော ရွာတစ်ရွာဖြစ်ပါသည်။ ကျေးရွာ၏အဓိက လုပ်ကိုင်ကြသောလုပ်ငန်းမှာ လယ်ယာစိုက်ပျိုးရေးလုပ်ငန်း ဖြစ်ပါသည်။ ကျေးရွာ၏ လူမှုရေးကိစ္စများတွင် စည်းလုံးညီညွတ်စွာ ဝိုင်းဝန်းကူညီ လုပ်ကိုင်ဆောင်ရွက်ပေးကြပြီး ကျေးရွာသူ/သား အများစုမှာ ဗုဒ္ဓဘာသာကိုးကွယ်ကြပါသည်။ လူနည်းစုမှာ ဟိန္ဒူဘာသာကို ကိုးကွယ်ကြပါသည်။

ကရင်ချောင်ကျေးရွာ၏ အရှေ့ဘက်တွင် ဖွဲကနာကျေးရွာ၊အနောက်ဘက်တွင် ကွနီးကျေးရွာ၊ တောင်ဘက်တွင် ကမာကလုတ်စံပြကျေးရွာ၊မြောက်ဘက်တွင် ရွာသစ်ကလေးကျေးရွာတို့နှင့် နယ်နိမိတ်ချင်း ထိစပ်လျှက်ရှိပါသည်။ ရွာ၏အနောက်ဘက်တွင် ချောင်းတစ်ချောင်းရှိပါသည်။ ကျေးရွာတွင်းတွင် ဘုန်းကြီး

ကျောင်းနှင့်စေတီ ရှိပါသည်။ စာသင်ကျောင်းတစ်ကျောင်းနှင့် မူကြိုကျောင်းတစ်ကျောင်းလည်း ရှိပါသည်။ ခရစ်ယာန်ကျောင်းတစ်ကျောင်းနှင့် ဆန်စက်တစ်ခုလည်း ရှိပါသည်။ ရွာတွင် ရေကန်(၇)ကန်နှင့် စက်ရေတွင်း(၁)ခုရှိသဖြင့် သောက်သုံးရေလုံလောက်မှု ရှိပါသည်။ ကျေးရွာ၏လိုအပ်ချက်များမှာ ဦးမြလွင်လမ်း၊ ဦးကျော်ဦးလမ်း၊ ကန်ပတ်လမ်း၊ ဦးမျိုးအောင်လမ်း၊ ဦးမြလွင်တံတား၊ဦးစန်းတံတားတို့သည် ကျေးရွာအတွင်း လိုအပ်သော ဖွံ့ဖြိုးရေးလုပ်ငန်းများ ဖြစ်ပါသည်။

**၂။ ဥစ္စာဓနကြွယ်ဝမှုအဆင့်သတ်မှတ်ချက်။**




**သုံးသပ်ချက်**

ကရင်ချောင်ကျေးရွာတွင် ချမ်းသာ၊ အလယ်အလတ်၊ နွမ်းပါးဟူ၍ လူမှုအဆင့် (၃)ဆင့်ရှိပါသည်။ ချမ်းသာသောအဆင့်မှာနွားပျံစက်၊ကွန်ဒေါင်း၊လယ်ဧက၂၀မှ၅၀၊ပျဉ်ထောင်အိမ်သွပ်မိုး၊ဆိုင်ကယ်၊တီဗွီ၊အောက်စက်တို့ ပိုင်ဆိုင်ကြပြီး အိမ်ထောင်စု(၂၀)ရှိပါသည်။အလယ်အလတ်အုပ်စုတွင် နွားပျံစက်၊ဆေးဖျန်းစက်၊လယ်ဧက ၅မှ၁၀ဧက၊ ဓနိမိုးထရံကာ၊ ဆိုင်ကယ်တို့ပိုင်ဆိုင်ပါသည်။ အိမ်ထောင်စု(၁၂၀)ရှိပါသည်။ နွမ်းပါးသောအုပ်စုတွင် မိမိကိုယ်ပိုင်အိမ်ခြံမြေ၊ လက်လုပ်လက်စား၊ ဝါးအိမ်တို့ကို ပိုင်ဆိုင်ပြီး အိမ်ထောင်စု(၁၈၇)ရှိပါသည်။ ချမ်းသာသောအုပ်စုသည် (၆.၁)ရာခိုင်နှုန်း၊အလယ်အလတ်အုပ်စုသည်(၃၆.၇)ရာခိုင်နှုန်း၊ နွမ်းပါးသောအုပ်စုသည် (၅၇.၂) ရာခိုင်နှုန်း တို့ရှိပါသည်။

**၃။ ရာသီခွင်ပြ ပြက္ခဒိန် နှင့် သုံးသပ်ချက်**



## သုံးသပ်ချက်

ရာသီဥတု - တန်ခူး၊ ကဆုန်၊ တန်ဆောင်မုန်း၊ နတ်တော်၊ပြာသို၊ တပို့တွဲ၊ တပေါင်းလများတွင် မိုးအနည်းငယ်သာ ရွာ၍ ဝါဆို၊ ဝါခေါင်လများတွင် မိုးများပါသည်။ တော်သလင်း ၊ သီတင်းကျွတ်လများတွင် မိုးအနည်းငယ်သာရွာ၍ ရာသီဥတုသာယာပါသည်။

စိုက်ပျိုးရေး - နယုန်လများတွင် စပါးကို စတင်စိုက်ပျိုးပါသည်။ တန်ဆောင်မုန်း၊နတ်တော်လများတွင် စပါးရိတ်သိမ်းကြပါသည်။ စပါးရိတ်သိမ်းပြီးချိန်တွင် ပဲတီစိမ်းများကို သီးထပ် စိုက်ပျိုးကြပါသည်။

မွေးမြူရေး - မိသားစုတပိုင်တနိုင်ဝင်ငွေရရှိရန်အတွက် ကြက်၊ ဝက်၊ ဆိတ်၊ ဘဲ၊ ငန်း၊ မန်ဒါလီ တို့ကို တစ်ရာသီလုံး မွေးမြူကြပါသည်။

ကျန်းမာရေး - ကဆုန်လ၊ နယုန်လနှင့် သီတင်းကျွတ်လများတွင် ရာသီဥတုပြောင်းလဲမှုကြောင့်ဖြစ်သော နာစေးခြင်း၊ ချောင်းဆိုးခြင်းတို့ဖြစ်လေ့ရှိပါသည်။


လမ်းပန်းဆက်သွယ်ရေး - ရွာတွင်းလမ်းအချို့နေရာများတွင်မိုးရာသီ၌သွားလာရခက်ခဲသောနေရာများရှိနေပါသည်။

ပွဲတော်များ - တန်ခူးလမှာ သင်္ကြန်ပွဲ၊ ကဆုန်လတွင် ညောင်ရေသွန်းပွဲ ၊ သီတင်းကျွတ်လတွင် မီးထွန်းပွဲ၊ တန်ဆောင်မုန်းလတွင် ကထိန်ပွဲ၊ တပေါင်းလတွင် ကျေးရွာဘုရားပွဲတော်ကျင်းပကြပါသည်။

ဝင်ငွေ - သီတင်းကျွတ်၊ တန်ဆောင်မုန်း၊ နတ်တော်၊ တပို့တွဲလများတွင် ရာသီသီးနှံပေါ်ချိန်ဖြစ်၍ ဝင်ငွေအသင့်အတင့်ရှိသော်လည်း ကျန်လများတွင် နေ့စားလုပ်ငန်းများဖြင့်သာ လုပ်ကိုင်ဆောင်ရွက်ရခြင်းကြောင့် မိသားစုဝင်ငွေမှာ နည်းပါးပါသည်။

အားလပ်ရက် - တန်ခူး၊ ကဆုန်၊ ဂါခေါင်၊ တော်သလင်း၊ ပြာသို လများတွင် လုပ်ငန်းခွင်မဝင်ရသောကြောင့် အားလပ်ကြပါသည်။

**၄။ ဗင်းပုံစံ သုံးသပ်ချက်။**




**သုံးသပ်ချက်**

ကျေးရွာအတွင်း အဖွဲ့အစည်းများတွင် ရပ်မိရပ်ဖ၊ အုပ်ချုပ်ရေးမှူးနှင့် လူငယ်ပရဟိတ အသင်းများသည် ကျေးရွာဖွံ့ဖြိုးရေးအတွက် ပူးပေါင်းဆောင်ရွက်ကြပါသည်။ မြစိမ်းရောင်အဖွဲ့အစည်း၊ သမဂါယမအဖွဲ့အစည်းများ သည် ကျေးရွာ၏ စီးပွားရေးလုပ်ငန်းများအား တိုးချဲ့လုပ်ဆောင်ခြင်းကျေးရွာ၏ အရင်းမပျောက် လည်ပတ်ရံပုံငွေ အဖြစ် ထုတ်ချေးထားသည်ကို တွေ့ရှိရပါသည်။ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် ကြက်ခြေနီအသင်း အဖွဲ့များသည် ကျေးရွာ၏ ကျန်းမာရေးစောင့်ရှောက်မှုများကိုလဲ ကူညီဆောင်ရွက်ကြပါသည်။

ကျေးရွာပြင်ပ အဖွဲ့အစည်းများဖြစ်သော ကျေးလက်ကျန်းမာရေးဌာန၊ မြို့နယ်မီးသတ်ဌာန၊ မြို့နယ်ရဲစခန်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၊ မြို့နယ်ကျန်းမာရေးဌာန များသည်လည်း ကျေးရွာအဖွဲ့အစည်း များနှင့် ကဏ္ဍအသီးသီးတွင် ချိတ်ဆက်ဆောင်ရွက်နေသည်ကိုလည်း တွေ့ရှိရပါသည်။

၅။ ပင့်ကူအိမ် သုံးသပ်ချက်။



## သုံးသပ်ချက်

ဆုံးဖြတ်ချက် -ကျေးရွာအတွင်းဆုံးဖြတ်ချက်များချရာတွင် အမျိုးသားများက အမျိုးသမီးများထက် ပို၍ဆုံးဖြတ်ချက်ချနိုင်သည်ကို တွေ့ရှိရပါသည်။

ဦးဆောင်နိုင်မှု -ကျေးရွာ၏ဘာသာရေး၊ သာသနာရေး အစရှိသည်တို့တွင် အမျိုးသမီးများ၏ ဦးဆောင်နိုင်မှုမှာ အမျိုးသားများနှင့် တန်းတူ ဦးဆောင်နေသည်ကိုတွေ့ရှိရပါသည်။

ကျန်းမာရေးလက်လှမ်းမှီမှု - အမျိုးသမီးများသည် အမျိုးသားများနှင့် ကျန်းမာရေးအသိပညာ တန်းတူ သိရှိသည်ကိုတွေ့ရှိရပါသည်။

လုံးခြုံမှု -အမျိုးသမီးများသည် အမျိုးသားနှင့် တန်းတူ လုံခြုံမှုရှိကြသည်။


အိမ်မှုကိစ္စအပေါ်ဆောင်ရွက်မှု- အမျိုးသားများသည် အိမ်မှုကိစ္စအပေါ်တွင် ပူးပေါင်းပါဝင်မှုရှိသည်ကိုလဲတွေ့ရှိရပါသည်။


ဂင်ငွေရရှိမှု - အမျိုးသမီးများသည် အိမ်မှုကိစ္စများနှင့် သာအချိန်ကုန်နေ၍ ဂင်ငွေရရှိမှု နည်းပါးကြပါသည်။

ပညာရေးပါဝင်မှု - အမျိုးသမီးများသည် အမျိုးသားများထက် ပညာရေးသင်ကြားနိုင်ခွင့် အခွင့်အလမ်းနည်းပါးကြသည်။

အရင်းအမြစ်အသုံးချမှု- အမျိုးသမီးများသည် အမျိုးသားများထက် အရင်းအမြစ် အသုံးချနိုင်မှု အခွင့်အလမ်းနည်းပါးကြသည်။

၆။ ပိုင်ဆိုင်မှု သုံးသပ်ခြင်း။






**သုံးသပ်ချက်**

ထိန်းချုပ်မှု -ကျေးရွာ၏ အရင်းအမြစ်များဖြစ်သော ပဲချွေစက်၊ ထွန်စက်/ရိတ်စက်၊ ဘောလုံး/ခြင်းလုံး၊ ဆိုင်ကယ်/စက်ဘီးနှင့် ကားစသည့် အရင်းအမြစ်များကို အမျိုးသားများမှ ထိန်းချုပ်ထားပါသည်။ အပ်ချုပ်စက်အား အမျိုးသမီးများမှ ထိန်းချုပ်ထားပြီး အမျိုးသား/အမျိုးသမီး နှစ်ဦးလုံးထိမ်းချုပ်ထားသော အရင်းအမြစ်များမှာ ရေတွင်း/ရေကန်၊ လယ်၊ အိမ်၊ ခြံဝင်း၊ ဘုန်းတော်ကြီးကျောင်း စသည်တို့ကို ထိန်းချုပ်ထားပါသည်။

အသုံးပြုမှု -ကျေးရွာ၏ အရင်းအမြစ်များဖြစ်သော ခြင်းကွင်း၊ လယ်ယာ၊ ဆိုင်ကယ်၊ ဖုန်း၊ ကျွဲ၊ နွား၊ ထွန်တုံး၊ ထယ်တုံး၊ ငွေကြေးနှင့် စက်ပစ္စည်း တို့ကို အမျိုးသားများက အသုံးပြုပြီး အမျိုးသမီးများမှာ အပ်ချုပ်စက်၊ ရွှေငွေ တို့ကို အသုံးပြုကြပါသည်။ အမျိုးသားအမျိုးသမီးနှစ်ဦးစလုံးအသုံးပြုသော အရင်းအမြစ်များမှာ ရေတွင်းရေကန်၊ လမ်း၊ တံတား၊ ဘုရား၊ ဘုန်းကြီးကျောင်း တို့ဖြစ်ပါသည်။

**အမျိုးသမီးကဏ္ဍ အစည်းအဝေးမှတ်တမ်း နှင့် စစ်ဆေးရမည့်အချက်များ**

**၁။ အမျိုးသမီးကဏ္ဍ အစည်းအဝေးမှတ်တမ်း**

ကျေးရွာမိတ်ဆက်အစည်းအဝေးပြုလုပ်ရန် ဖိတ်ကြားရာတွင် အစည်းအဝေးတွင် အမျိုးသမီး အချိုးညီစွာ ပါဝင်ရန် သက်ဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့သို့ ပြောကြားခဲ့ပါသည်။ ပထမအကြိမ် မိတ်ဆက်အစည်းအဝေးတွင် အစည်းအဝေးတိုင်းတွင် အမျိုးသမီးများ အချိုးညီစွာ တက်ရောက်ရန် ပြောကြားခဲ့ပါသည်။ အစည်းအဝေး တိုင်းတွင်လည်း အမျိုးသမီးများမှ ပြောကြားလိုသော အချက်များကို လွတ်လပ် ပွင့်လင်းစွာ ပြောဆိုခွင့်ရှိကြောင်းကိုလည်း ပြောကြားထားပါသည်။ ကျေးရွာအုပ်စုအဆင့်တွင် နှစ်စဉ်ပြုလုပ်သော လုပ်ငန်းများတွင် အမျိုးသမီးများမှ တင်ပြဆောင်းဆိုထားသော လုပ်ငန်းတစ်ခုပါဝင်ရမည် ဖြစ်ကြောင်းကိုလည်း ပြောကြားခဲ့ပါသည်။ လုပ်ငန်းခွဲများ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင်လည်း လူထုလုပ်အားဖြင့် ဆောင်ရွက်သော လုပ်ငန်းများ ဖြစ်ပါက တူညီသော လုပ်ငန်းအတွက် တူညီသော လုပ်အားခများ ပေးချေရမည်ကိုလည်း ပြောကြားခဲ့ပါသည်။ စီမံကိန်း၏ ကဏ္ဍတိုင်းတွင် အမျိုးသမီးများ အခန်းကဏ္ဍကို ထည့်သွင်းထားပြီး အမျိုးသား/ အမျိုးသမီး ခွဲခြားမှုများ မရှိစေရန် ရည်ရွယ်ထားသည်ကို ရှင်းလင်းပြောကြားမှုများ ပြုလုပ်ခဲ့ပါသည်။
အမျိုးသမီးများ၏ ဦးဆောင်နိုင်မှု နှင့် စီမံခန့်ခွဲမှု စွမ်းရည်များ တိုးတက်လာစေရန် အတွက် ကော်မတီများထဲတွင် အမျိုးသမီးများ (၅၀%) ပါဝင်ရမည်ဖြစ်ပါသည်။ ဆပ်ကော်မတီ တစ်ခုတိုင်းတွင်လည်း အနည်းဆုံး အမျိုးသမီး တစ်ဦးပါဝင်ရမည်ဖြစ်ပါသည်။ ကော်မတီထဲတွင် ပါဝင်သော အမျိုးသမီးများသည် တင်ပြဆွေးနွေးမှုများ ပြုလုပ်ခြင်း၊ ဆုံးဖြတ်ချက်များချခြင်း စသည်တို့ကို ပြုလုပ်ရမည်ဖြစ်ပါသည်။ အမျိုးသားများမှလည်း ပံ့ပိုးကူညီ ပေးရမည်ဖြစ်သည်။ ဒုတိယအကြိမ်အစည်းအဝေးတွင် အမျိုးသမီးများသည် မိမိတို့၏ လိုအပ်ချက် အခက်အခဲများ ကို လွတ်လပ်စွာဆွေးနွေးနိုင်ရန်အတွက် အမျိုးသမီးသီးသန့် အုပ်စုများဖွဲ့၍ အခက်အခဲများ ဖော်ထုတ်ခြင်း လုပ်ငန်းကိုလည်း လုပ်ကိုင်ခဲ့ပါသည်။

၂။ ကျေးရွာမိတ်ဆက် အစည်းအဝေးတွင်အမျိုးသမီး ကဏ္ဍအတွက် စောင့်ကြည့်စစ်ဆေးရမည့်အချက်များ

မေးမြန်းသည့်ရက်။ ရက်စွဲ - ၂၅.၁.၂၀၁၇

| စဉ် | အကြောင်းအရာ | တွေ့ရှိချက် √ | တွေ့ရှိချက် X | မှတ်ချက် |
|---|---|---|---|---|
| ၁ | အစည်းအဝေးတက်ရောက်လူသူများအား ကျား၊မ ရေးရာ အခြေခံသဘောတရား များကို ရှင်းလင်းဆွေးနွေးခဲ့ပါသလား။ | √ | | |
| ၂ | စီမံကိန်းတွင် ပါဝင်သော ကျား၊မရေးရာ အကောင်အထည်ဖော်ရေး လိုအပ်ချက် (၅)ချက်ကို ရှင်းလင်းပြခဲ့ပါသလား။ | √ | | |
| ၃ | အစည်းအဝေးများခေါ်ယူရာတွင်အမျိုးသား/သမီးများအချိုးညီစွာတက်ရောက်နိုင်ရေး အတွက် အသိပေးတိုက်တွန်း စည်းရုံးခဲ့တာမျိုး ရှိပါသလား။ | √ | | |
| ၄ | အမျိုးသမီးများ၏ စကားသံများ၊ ပြောဆိုနိုင်ခွင့်များ ပိုမိုထွက်ပေါ်လာအောင် ဖန်တီးပေးခဲ့ပါသလား။ | √ | | |
| ၅ | ဆပ်ကော်မတီဖွဲ့များဖွဲ့စည်းရာတွင်အမျိုးသမီးများနှင့်ပါဝင်ဖွဲ့စည်းရေး၊ပူးပေါင်းပါဝင်ရေး၊ဦးဆောင်နိုင်ရေးအတွက်တွန်းအားပေးကူညီဆောင်ရွက်ခဲ့ပါသလား။ | √ | | |
| ၆ | အစည်းအဝေးကို အမျိုးသား/သမီးများ အလွယ်တကူပါဝင်တက်ရောက်နိုင်သော အချိန်နှင့်နေရာများကိုရွေးချယ်ခြင်း၊ထည့်သွင်းစဉ်းစားဆောင်ရွက်ခြင်းများတို့ကိုလုပ်ဆောင်ခဲ့ပါသလား။ | √ | | |
| ၇ | လူနည်းစု/ဆင်းရဲ/နွမ်းပါး/ထိခိုက်လွယ်သောအုပ်စုများကို အစည်းအဝေးမစတင်မီ အချိန်များက ရှာဖွေဖော်ထုတ်ခဲ့တာမျိုးများ ရှိပါသလား။ | √ | | |
| ၈ | လူနည်းစု/ဆင်းရဲ/နွမ်းပါး/ထိခိုက်လွယ်သော အမျိုးသား/သမီးများထဲမှ အချို့ကို အစည်းအဝေးတက်ရောက်နိုင်အောင် ဖိတ်ကြားဆောင်ရွက်မှုမျိုး ရှိခဲ့ပါသလား။ | √ | | |
| ၉ | လူနည်းစု/ဆင်းရဲ/နွမ်းပါး/ထိခိုက်လွယ်သောအမျိုးသား/သမီးများနှင့် ကြုံတွေ့နေရသောအခတ် အခဲများကို သင်ဆွေနွေး မေးမြန်းခဲ့တာမျိုး ရှိပါသလား။ | √ | | |
| ၁၀ | အမျိုးသမီးများ ပြောဆိုတင်ပြနိုင်အောင် အချိန်ပေးရန်၊ ကြိုတင်စီစဉ်ဆောင် ရွက်မှုမျိုးများ ဆောင်ရွက်ခဲ့တာများ ရှိပါသလား။ | √ | | |
| ၁၁ | စီမံကိန်းလုပ်ငန်းခွဲများရှာဖွေဖော်ထုတ်ရာတွင်အမျိုးသား/သမီးများသီးခြားဆွေးနွေးဖော်ထုတ် ဆောင်ရွက်ခဲ့တာမျိုး ရှိပါသလား။ | √ | | |
| ၁၂ | ကျေးရွာစီမံကိန်း အထောက်အကူပြုကော်မတီများဖွဲ့စည်းရာတွင် အမျိုးသမီး၊ အမျိုးသား အချိုးညီမျှစွာ (၅၀ း ၅၀) ဖွဲ့စည်းနိုင်ခဲ့ပါသလား။ မဖွဲ့စည်းနိုင်ခဲ့ပါက မှတ်ချက်တွင် ရှင်းလင်းပါ။ | √ | | |
| ၁၃ | ဆပ်ကော်မတီများတွင် အနည်းဆုံး အမျိုးသမီးအဖွဲ့ဝင် တစ်ဦးနှုန်းဖြင့် | √ | | |

| | | | | |
|---|---|---|---|---|
| | ပါဝင်ဖွဲ့စည်းနိုင်ခဲ့ပါသလား။ မဖွဲ့စည်းနိုင်ခဲ့ပါက မှတ်ချက်တွင် ရှင်းလင်းပါ။ | | | |
| ၁၄ | ကျေးရွာ/ကျေးရွာအုပ်စု ဖွံ့ဖြိုးရေးစီမံချက် များတွင် အမျိုးသမီးများ ရွေးချယ်ဆုံးဖြတ်သည့်လုပ်ငန်းစီမံချက် အနည်းဆုံးတစ်ခုပါဝင်နိုင်ရေးအတွက် စည်းရုံး ဆွေးနွေးမှုများ ပြုလုပ်ဆောင်ရွက်ခဲ့ပါသလား။ | √ | | |
| ၁၅ | တက်ရောက်လာသူများအား အမျိုးသမီးများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် အမျိုးသမီးများရွေးချယ်လိုက်သော ဦးစားပေးရွေးချယ်မှုများကို ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း အသိပေးပြောကြားခဲ့ပါသလား။ | √ | | |
| ၁၆ | ရွေးချယ်လိုက်သော စီမံကိန်းလုပ်ငန်းခွဲများသည် ဒေသတွင်းမှာရှိသော လူနည်းစု/ဆင်းရဲ/နွမ်းပါး/ထိခိုက်လွယ် အုပ်စုများအပေါ် မည်သို့အကျိုးပြုနိုင်မည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားခြင်း၊ မှတ်တမ်းတင်ခြင်းများတို့ကို ဆောင်ရွက်ခဲ့ပါသလား။ | √ | | |
| ၁၇ | ကျေးရွာအုပ်စုအဆင့် အစည်းအဝေးပြုလုပ်ရာတွင် အုပ်စု စီ/ထောက် ကော်မတီဝင်များကို ကျား၊မ ရေးရာလိုအပ်ချက်များ အကြောင်းကိုရှင်းလင်းပြော ကြားခဲ့ပါသလား။ | √ | | |
| ၁၈ | ကျေးရွာအုပ်စုအဆင့် အစည်းအဝေးပြုလုပ်ရာတွင် အုပ်စု စီ/ထောက် ကော်မတီဝင်များအားလုံး တက်ရောက်နိုင်မှု ရှိ/မရှိ စစ်ဆေးခဲ့ပါသလား။ မတက်ရောက်နိုင်ခဲ့ပါက မှတ်ချက်တွင် ရှင်းလင်းပါ။ | √ | | |

၇။ ကော်မတီဝင်များရွေးချယ်ခြင်းနှင့်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ



လူမှုဆန်းစစ်မှု မှတ်တမ်းဓါတ်ပုံ



အမျိုးသား အုပ်စု မှတ်တမ်းတင်ဓါတ်ပုံ။



အစည်းအဝေး မှတ်တမ်းဓါတ်ပုံ



အမျိုးသမီးများအဖွဲ့ မှတ်တမ်းဓါတ်ပုံ



လုပ်ငန်းခွဲ၏မပြုလုပ်မီမှတ်တမ်းဓါတ်ပုံ



လုပ်ငန်းခွဲမပြုလုပ်မီမှတ်တမ်းဓာတ်ပုံ

၈။ ကော်မတီဝင်များစာရင်း

| စဉ် | အမည် | လိင် | ရာထူး |
|---|---|---|---|
| ၁ | ဦးချစ်သဲမောင် | ကျား | ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီ၊ ခေါင်းဆောင် |
| ၂ | ဒေါ်ဆွေဆွေမြင့် | မ | ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီ၊ ခေါင်းဆောင် |
| ၃ | ဦးကျော်ရ | ကျား | ဝယ်ယူရေးဆပ်ကော်မတီ၊ ခေါင်းဆောင် |
| ၄ | ဦးစိုးနိုင် | ကျား | ဝယ်ယူရေးဆပ်ကော်မတီ၊ မှတ်တမ်းထိမ်း |
| ၅ | ဒေါ်သင်းသင်းအေး | မ | ဝယ်ယူရေးဆပ်ကော်မတီ၊ အဖွဲ့ဝင် |
| ၆ | ဦးမင်းဟန် | ကျား | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ၊ ခေါင်းဆောင် |
| ၇ | ဦးညွန့်ရွှေ | ကျား | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ၊ အဖွဲ့ဝင် |
| ၈ | ဒေါ်သဲသဲလွင် | မ | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ၊ အဖွဲ့ဝင် |
| ၉ | ဦးလှဦး(အရှေ့) | ကျား | လုပ်ငန်းလည်ပတ်ရေး နှင့် ပြုပြင်ထိန်းသိမ်းရေး ဆပ်ကော်မတီ၊ ခေါင်းဆောင် |
| ၁၀ | ဒေါ်မြင့်မြင့်ဝေ | မ | လုပ်ငန်းလည်ပတ်ရေး နှင့် ပြုပြင်ထိန်းသိမ်းရေး ဆပ်ကော်မတီ၊ အဖွဲ့ဝင် |
| ၁၁ | ဒေါ်ညိုညိုဆွေ | မ | လုပ်ငန်းလည်ပတ်ရေး နှင့် ပြုပြင်ထိန်းသိမ်းရေး ဆပ်ကော်မတီ၊ အဖွဲ့ဝင် |
| ၁၂ | ဦးလှဦး(အနောက်) | ကျား | ဝေဖန်အကြံပြုတိုင်ကြားချက်ဖြေရှင်းရေးအဖွဲ့ |
| ၁၃ | ဒေါ်စန်းကြည် | မ | ဝေဖန်အကြံပြုတိုင်ကြားချက်ဖြေရှင်းရေးအဖွဲ့ |
| ၁၄ | ဒေါ်စန်းစန်းအေး | မ | ဝေဖန်အကြံပြုတိုင်ကြားချက်ဖြေရှင်းရေးအဖွဲ့ |
| ၁၅ | ဦးရဲထွန်းအောင် | ကျား | စေတနာ့ဝန်ထမ်း |
| ၁၆ | ဒေါ်ဖြူဖြူသန်း | မ | စေတနာ့ဝန်ထမ်း |
| ၁၇ | ဒေါ်မူမူခိုင် | မ | ကျေးရွာငွေစာရင်းကိုင် |

စုစုပေါင်း။ (၁၇) ယောက် ကျား-၈ ယောက် + မ-၉ ယောက်

ကျေးရွာအုပ်စုစီမံကိန်းအထောက်အကူပြုကော်မတီ

၁။ဒေါ်ဆွေဆွေမြင့်   ကျေးရွာအုပ်စုစီမံကိန်းအထောက်အကူပြုကော်မတီ၊ ဥက္ကဌ

၂။ဦးသက်ဦး   ကျေးရွာအုပ်စုစီမံကိန်းအထောက်အကူပြုကော်မတီ ဥက္ကဌ

၃။ဦးချစ်သဲမောင်   ဘဏ္ဍာရေးဆပ်ကော်မတီဥက္ကဌ

၄။ဒေါ်အိအိခိုင်   ဘဏ္ဍာရေးဆက်ကော်မတီ၊ စာရင်းကိုင်

၅။ဒေါ်နေနီနန်းမိုး   ဘဏ္ဍာရေးဆက်ကော်မတီ၊ အဖွဲ့ဝင်

၆။ဦးကျော်ဦး   ကျေးရွာအုပ်စုစီထောက် အဖွဲ့ဝင်

၇။ဦးကျော်လွင်ဦး   ကျေးရွာအုပ်စုစီထောက် အဖွဲ့ဝင်

၈။ဒေါ်သီသီအေး   ကျေးရွာအုပ်စုစီထောက် အဖွဲ့ဝင်

မှတ်တမ်းတင်သူ

အမည်။ ဒေါ်စိုးဇာလီဦး

ရာထူး။ လူထုစည်းရုံးရေးမှူး

ရက်စွဲ။ ၂၅.၁.၂၀၁၇

၉။ ပုံစံ စ-၁။ ကျေးရွာအချက်အလက်

## ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

| |
|---|
| ***လမ်းညွှန်ချက်။*** ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီး သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေတ္တာရပ်ခံ၍ တောင်းခံရသည်။ ဤအချက်အလက်များကို စီမံကိန်းမိတ်ဆက်အစည်းအဝေးမတိုင်မီတောင်းခံရမည်။ စီမံကိန်းမိတ်ဆက်အစည်းအဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက်များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှ တဆင့် ဖြည့်သွင်းရမည်။ |

| ကျေးရွာခေါင်းဆောင် အမည် | | ကျေးရွာခေါင်းဆောင်၏ ဖုန်းနံပါတ် | လူထုစည်းရုံးရေးမှူး၏ အမည် |
|---|---|---|---|
| ဦးမြင့်ဦး | | 09-420281214 | ဒေါ်စိုးဇာခိုင် |
| ပြည်နယ်၊တိုင်းဒေသကြီး ပဲခူးတိုင်း | မြို့နယ် ကျောက်ကြီး | ကျေးရွာအုပ်စု ကန်ချောင်း ကျေးရွာအုပ်စု | ကျေးရွာ ကန့်ဖိချောင်းကျေးရွာ |

**က။ လူဦးရေ**

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) ဗမာ | 311 | ဘာသာ (၁) ဗုဒ္ဓ | 311 |
| လူမျိုးစု (၂) ဟိန္ဒူ | 12 | ဘာသာ (၂) ဟိန္ဒူ | 12 |
| လူမျိုးစု (၃) ခရစ်ယာန် | 4 | ဘာသာ (၃) ခရစ်ယာန် | 4 |
| | | | |
| လူမျိုးစုရော ------------- | | ဘာသာရော ----------- | |
| အခြား | - | - | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | 2 | | |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | 40 | | |
| စစ်ဘေးရှောင် | - | - | - |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ | 786 | 748 |
| လူမျိုးစု (၁) ဗမာ | 782 | 733 |
| လူမျိုးစု (၂) ဟိန္ဒူ | 19 | 10 |
| လူမျိုးစု (၃) ခရစ်ယာန် | 3 | 5 |
| အခြား | - | - |
| အိမ်ထောင်ဦးစီး | 317 | 10 |

**(ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ**

| စာသင်ကျောင်း | အမှတ်ခြစ်ပါ | ကျန်းမာရေး | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| | အထက်တန်းကျောင်း | ☐ | | ဆေးရုံ | ☐ | | စေတီ | ☑ |
| | အလယ်တန်းကျောင်း | ☑ | | ကျန်းမာရေးဌာန | ☐ | | ဘုန်းကြီးကျောင်း | ☑ |
| | မူလတန်းကျောင်း | ☑ | | ကျန်းမာရေးဌာနခွဲ | ☐ | | ဟိန္ဒူဘုရားကျောင်း | ☐ |
| | မူကြိုကျောင်း | ☐ | | ဆေးပေးခန်း | ☐ | | ခရစ်ယာန်ကျောင်း | ☑ |
| | အခြား | ☑ | | အခြား | ☐ | | ဗလီ | ☐ |
| | | | | | | | အခြား | ☐ |
| မှတ်ချက်<br>မူလွန်ကျောင်း | | | | မှတ်ချက် | | | မှတ်ချက် | |

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | | | (၂) ကျန်းမားရေး | | | (၃) လက်မှုပညာရှင် | | |
|---|---|---|---|---|---|---|---|---|
| | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
| မူလတန်းပြဆရာ/မ | ☑ | ☑ | ဆရာဝန် | ☐ | ☐ | လက်သမား | ☑ | ☐ |
| အထက်တန်းပြဆရာ/မ | ☑ | ☐ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | ပန်းရံ | ☑ | ☐ |
| အလယ်တန်းပြဆရာ/မ | ☐ | ☐ | အမျိုးသမီးကျန်းမာရေးဆရာမ | ☐ | ☐ | လျှပ်စစ်ကျွမ်းကျင်၊ မီးသမား | ☑ | ☐ |
| မူကြိုဆရာ/မ | ☑ | ☐ | သားဖွားဆရာမ | ☐ | ☑ | ရေပိုက်သွယ်သူ | ☑ | ☐ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☐ | ☐ | စက်ပြင်ဆရာ | ☑ | ☐ |
| မှတ်ချက် | | | မှတ်ချက် | | | မှတ်ချက် | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၎င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)

ကျောက်ကြမ်းလမ်း　　ကတ္တရာလမ်း　　ကွန်ကရစ်လမ်း　　မော်တော်ဆိုင်ကယ်လမ်း
ကျောက်ခင်းလမ်း　　မြေသားလမ်း　　လူသွားလမ်း　　အခြား ______________

**(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက်**　　　　**ဝိုင်းပါ**

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှု စီမံချက်ရှိခဲ့ပါသလား?　　ရှိပါသည်/မရှိပါ/မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း?　　နှစ်--------/မသိပါ

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား?　　ပြုခဲ့ပါသည်/မပြုခဲ့ပါ /မသိပါ

**(စ) ခရီးအကွာအဝေး**

(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း?　　မိုင်--------/မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန်----------------- ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လှည်း/မော်တော်ဘုတ်/
အခြား ------------------

မိုးရာသီတွင်ကြာချိန်--------------------------- ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လှည်း/မော်တော်ဘုတ်/
အခြား ------------------

**(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်**

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

☑ မရှိပါ ☐ ရှိပါသည် ရှိလျှင်ဖော်ပြပါ ---------------------------------

**(ဇ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ**

လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) [illegible] ပရဟိတ

(၂) [illegible]

**(ဈ) အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားခြင်း**

ဤကျေးရွာသည် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားမှု ရှိပါသလား။

☐ မရှိပါ ☑ ရှိပါသည်

| | | |
|---|---|---|
| ကျေးရွာခေါင်းဆောင် | အမည် | ဦးမြင့်ဦး |
| | လက်မှတ် | မြင့် (signature) နေ့စွဲ ၂၁.၁.၂၀၁၇ |
| လူထုစည်းရုံးရေးမှူး | အမည် | [illegible] |
| | လက်မှတ် | [illegible] နေ့စွဲ ၂၁.၁.၂၀၁၇ |

၁၁။ ပုံစံ စ-၃။ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ်

ပုံစံ - စ- ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် ( Form PC 3 )

| | | | | | | | |
|---|---|---|---|---|---|---|---|
| လမ်းညွှန်ချက်၊ အဆင့် ( ၃ ) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသည့်အခါ ကျေးရွာစီမံကိန်း အထောက်အကူပြုကော်မတီသည် လူထုစည်းရုံးရေးမှူး အကူအညီဖြင့် ဤပုံစံကို ပြည့်စုံအောင် ဖြည့်သွင်းရမည်။ | | | | | | | |
| လူထုစည်းရုံးရေးမှူးအမည် / ဝန်ထမ်းအမည် [illegible] | | | | | | | |
| နေ့စွဲ 26.1.2017. | | | | စက်ဝန်းအား အမှတ်ခြစ်ပါ (√) ☑ စက်ဝန်း ( ၁ ) ☐ စက်ဝန်း ( ၂ ) ☐ စက်ဝန်း ( ၃ ) ☐ စက်ဝန်း ( ၄ ) | | | |
| ပြည်နယ် / တိုင်း | ရန်ကုန်တိုင်း | မြို့နယ် | [illegible] | ကျေးရွာအုပ်စု | [illegible] | ကျေးရွာ | [illegible] |

ကျ။ အခက်အခဲအတားအဆီးများအား ဆွေးနွေးခြင်း - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတတ်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ ( အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ( ၅ )ခုစီဖော်ပြပါ။

| | အမျိုးသားအဖွဲ့မှ တင်ပြသော အခက်အခဲအတားအဆီးများ | | အမျိုးသမီးအဖွဲ့မှ တင်ပြသော အခက်အခဲအတားအဆီးများ |
|---|---|---|---|
| ၁ | ကျေးရွာလမ်း + တံတားများ အခက်အခဲများ ရှိနေခြင်း | ၁ | ပညာရေး ချို့တဲ့ခြင်း / ကျန်းမာရေး ချို့တဲ့ခြင်း |
| ၂ | သောက်သုံးရေ များ လုံလောက်စွာ မရရှိခြင်း | ၂ | သွားလာရေး ခက်ခဲခြင်း (မိုးတွင်း) |
| ၃ | ကျန်းမာရေး + ပညာရေး ခက်ခဲခြင်း။ | ၃ | လျှပ်စစ်မီး အဆင်မပြေခြင်း / ရေနုတ်မြောင်း ခက်ခဲခြင်း |
| ၄ | လယ်ယာမြေရေနုတ်မြောင်းများ အခက်အခဲရှိခြင်း၊ ကျေးရွာတွင်း ရေမြောင်းများ ခက်ခဲခြင်း။ | ၄ | စားဝတ်နေရေး အဆင်မပြေခြင်း |
| ၅ | ကွန်ကရစ်လမ်းများ အခက်အခဲရှိနေခြင်း | ၅ | ဆေးပေးခန်း အဆင်မပြေခြင်း |

ခ။ မျှော်မှန်းခြင်း - နောက်လာမည့် ( ၅ )နှစ်အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းချက်များအား တင်ပြပါ။

| | အမျိုးသားအဖွဲ့မှ တင်ပြသော မျှော်မှန်းချက်များ | | အမျိုးသမီးအဖွဲ့မှ မျှော်မှန်းချက်များ |
|---|---|---|---|
| ၁ | အလုပ်အကိုင်အခွင့်အလမ်းများ ဖွံ့ဖြိုးတိုးတက်စေရန် | ၁ | သွားလာရေး အဆင်ပြေရန် / ဆေးပေးခန်း အဆင်ပြေရန် |
| ၂ | လမ်းပန်း ဆက်သွယ်ရေး အဆင်ပြေစေရန် | ၂ | ရေနုတ်မြောင်း အဆင်ပြေရန် |
| ၃ | လယ်ယာစိုက်ပျိုးရေး နည်းပညာများ ဖွံ့ဖြိုးတိုးတက်ရန် | ၃ | ပညာရေး အဆင်ပြေရန် |
| ၄ | ဆေးပေးခန်း ရရှိစေရန်။ | ၄ | အလုပ်အကိုင် အဆင်ပြေရန် |
| ၅ | ကျေးရွာတွင်းရေမြောင်းများ စနစ်တကျရှိစေရန် ၆။ [illegible] | ၅ | အမျိုးသား နှင့် အမျိုးသမီး တန်းတူ အခွင့်အရေး ရရှိရန် |

ဂ။ လူထုစီမံကိန်း၏ လာမည့် ( ၄ ) နှစ်အတွက် အကျိုးဝင်သော ဦးစားပေးဖွံ့ဖြိုးတိုးတတ်မှုလုပ်ငန်းအစီစဉ်များ အားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေးဖွံ့ဖြိုးတိုးတတ်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ ( အမျိုးသားများ/ အမျိုးသမီးများ/ အမျိုးသား + အမျိုးသမီး) | ခန့်မှန်းကုန်ကျ စရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းအရေအတွက် |
|---|---|---|---|---|
| ၁ | ဦးမျိုးအောင်လမ်း (ကွန်ကရစ်လမ်း) | အမျိုးသမီး | ၅,၅၀၀,၀၀၀ | ၁၅၀၀ |
| ၂ | ဦးမြသွင်တံတား (သစ်သားတံတား) | အမျိုးသား + အမျိုးသမီး | ၁၂,၀၀၀,၀၀၀ | ၁,၅၀၀ |
| ၃ | ဦးမြသွင်လမ်း (ကွန်ကရစ်လမ်း) | အမျိုးသား + အမျိုးသမီး | ၃,၆၀၀,၀၀၀ | ၁၅၀၀ |
| ၄ | ဦးစန်းတံတား (သစ်သားတံတား) | အမျိုးသား + အမျိုးသမီး | ၁၂,၀၀၀,၀၀၀ | ၁၂၀၀ |
| ၅ | ဦးကျော်ဦးလမ်း (ကွန်ကရစ်လမ်း) | အမျိုးသား + အမျိုးသမီး | ၂၁,၂၀၀,၀၀၀ | ၁၃၀၀ |
| ၆ | ဂါးတဲလမ်း (ကွန်ကရစ်လမ်း) | အမျိုးသား | ၂၁,၂၀၀,၀၀၀ | ၁၀၀၀. |
| ၇။ | ကန်ပတ်လမ်း (ကွန်ကရစ်လမ်း) | အမျိုးသား + အမျိုးသမီး | | ၁၅၀၀. |

ဃ။ လူထုစီမံကိန်း၏ လာမည့် ( ၄ ) နှစ်အတွက် အကျိုးမဝင်သော ဦးစားပေးဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်း အစီစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေးဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ ( အမျိုးသားများ/ အမျိုးသမီးများ/ အမျိုးသား + အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| ၁ | စိုက်ပျိုးရေး နည်းပညာ | အမျိုးသား + အမျိုးသမီး | |
| ၂ | မွေးမြူရေး နည်းပညာ | အမျိုးသမီး | |
| | | | |
| | | | |
| | | | |

ခေါင်းဆောင်၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီမှ အတည်ပြုသည်။

အမည် ဒေါ်ဆွေဆွေမြင့် လက်မှတ် [signature] နေ့စွဲ 26 . 1 . 2017

လူထုဗဟိုပြုစီမံကိန်း

ရန်ကုန်တိုင်းဒေသကြီး၊ကျောက်တန်းမြို့နယ်

ကျေးရွာအစည်းအဝေးမှတ်တမ်း

| | |
|---|---|
| ကျေးရွာ | ကရင်ချောင်းကျေးရွာ |
| ကျေးရွာအုပ်စု | ကရင်ချောင်းကျေးရွာ အုပ်စု |
| အစည်းအဝေးပြုလုပ်သည့်နေရာ | ကျေးရွာ ဘုန်းကြီးကျောင်း ဓမ္မာရုံ |
| အစည်းအဝေးပြုလုပ်သည့်နေ့ရက် | ၂၁.၁.၂၀၁၇ |
| အစည်းအဝေးပြုလုပ်အသည့်အကြောင်းအရာ | ကျေးရွာပထမအကြိမ်အစည်းအဝေး |

အစည်းအဝေးတက်ရောက်သူဦးရေ။ ။ကျား ( ၁၉၀ )ဦး ၊မ ( ၁၂၄ )ဦး= ( ၃၁၄ ) ဦး

ရည်ရွယ်ချက်။ ဆွေးနွေးချက်၊ဆုံးဖြတ်ချက်၊သဘောတူညီချက်မှတ်တမ်းတင်သူပါဝင်ရမည်။

ရည်ရွယ်ချက် ။ ။ ကျေးရွာလူထုအား စီမံကိန်းနှင့် ပတ်သက်သည်များကို သိရှိစေရန်။ ကျေးရွာစေတနာ့ဝန်ထမ်းများရှာဖွေစေရန်။

ဆွေးနွေးချက် ။ (၁) ။ လူထုစည်းရုံးရေးမှူး ဒေါ်ရိုးဇာဝင်း မှ ကျေးရွာသူ ကျေးရွာသားများအား မိတ်ဆက်၍ စီမံကိန်း စတင်ဖြစ်ပေါ်လာပုံ နှင့် ရွာသူရွာသားများ အားလုံး နှင့် သက်ဆိုင်ကြောင်း၊ အားလုံး ပူးပေါင်း ပါဝင်မှသာ ဖွံ့ဖြိုးရေး လုပ်ငန်းများ လုပ်ဆောင်နိုင်မည်ဖြစ်သော ကြောင့် ပူးပေါင်း ပေးရန် ပြောကြားခဲ့သည်။

ဆွေးနွေးချက် ။ (၂) ။ ဒေါ်ရိုးဇာဝင်း မှ စီမံကိန်းမိတ်ဆက် (၁၅) ချက်အား ရှင်းလင်း ပြောကြားခဲ့သည်။ စီမံကိန်း စက်ဝိုင်းကို ရှင်းပြခဲ့သည်။ အပိုင်းကြီး (၆) ပိုင်း နှင့် အဆင့်ငယ် (၁၄) ဆင့် အား ရှင်းပြခဲ့သည်။

ဆက်လက်၍ စီမံကိန်းတွင် အဓိက တာဝန်ရှိသူများ နှင့် ၎င်းတို့၏ တာဝန်များအကြောင်း ရှင်းပြခဲ့သည်။ ထို့နောက် ရှင်းလင်းပြီးသည်များကို မရှင်းလင်း နားမလည်ပါက ပြန်လည် မေးမြန်း

နိုင်ငံကြောင်း ပြောကြားခဲ့သည်။ ရွာလူထုမှ နားလည်ကြောင်း ပြောကြားခဲ့သည်။ ရွာလူထုမှ နားလည်ကြောင်း ပြောသဖြင့် ပြောခဲ့သည်များကို ပြန်လည်အနှစ်ချုပ် ပြောကြားခဲ့သည်။

ဆုံးဖြတ်ချက်။ သဘောတူညီချက် ။ ဆက်လက်၍ ဒေါ်ရိုးတာဗီဦးမှ ကျေးရွာစေတနာ့ဝန်ထမ်း ရွေးချယ်မည့်အကြောင်းကို ရှင်းပြခဲ့သည်။ အမျိုးသား ၁၁ဦး၊ အမျိုးသမီး ၁၁ဦး ရွေးချယ်ရပါမည်။ ကျေးရွာတွင် အသက်နှင့် ယောက်ျားမပါဟု မေးရာတွင် (၂၁) ယောက်ထားမည်ဟု ကျေးရွာသူဖြင့် အဆိုပြုရာ အမျိုးသား (၃၁) ယောက် အမျိုးသမီး (၃၁) ယောက်ကို အဆိုပြုချော့ မဲပေးရွေးချယ်ရာ ဦး၊ရဲ့ တွန်းအောင်၊ ဒေါ်ဖြူဖြူသင်း တို့ကို ကျေးရွာစေတနာ့ဝန်ထမ်းအဖြစ် ပွင့်လင်းမြင်သာစွာ ရွေးချယ်ခဲ့သည်။ စေတနာ့ဝန်ထမ်း ရွေးချယ်ပြီးနောက် ဒေါ်ရိုးတာဗီဦး မှ ရွာသူ၊ ရွာသားများအား ကျေးဇူးတင်ကြောင်း ပြောကြားပြီး လူထုဗဟိုပြုစီမံကိန်း မိတ်ဆက်အစည်းအဝေးအား အောင်မြင်စွာ ရုတ်သိမ်းခဲ့ပါသည်။

(signature)

မှတ်တမ်းတင်သူ
ဒေါ်ရိုးတာဗီဦး
လူထုစည်းရုံးရေးမှူး

လူထုဗဟိုပြုစီမံကိန်း

ရန်ကုန်တိုင်းဒေသကြီး၊ကျောက်တန်းမြို့နယ်

ကျေးရွာအစည်းအဝေးမှတ်တမ်း

ကျေးရွာ ---- ကရင်ချောင်းကျေးရွာ ----

ကျေးရွာအုပ်စု ---- ကရင်ချောင်းကျေးရွာအုပ်စု ----

အစည်းအဝေးပြုလုပ်သည့်နေရာ ---- ကျေးရွာကုန်းကြီးကျောင်းဓမ္မာရုံ ----

အစည်းအဝေးပြုလုပ်သည့်နေ့ရက် ---- ၂၅-၁-၂၀၁၇ ----

အစည်းအဝေးပြုလုပ်အသည့်အကြောင်းအရာ ---- ကျေးရွာ ဒုတိယ အကြိမ် အစည်းအဝေး ----

အစည်းအဝေးတက်ရောက်သူဦးရေ။ ။ကျား (၉၃ )ဦး ၊မ ( ၉၄ )ဦး= (၁၈၇) ဦး

ရည်ရွယ်ချက်။ ဆွေးနွေးချက်၊ဆုံးဖြတ်ချက်၊သဘောတူညီချက်၊မှတ်တမ်းတင်သူပါဝင်ရမည်။

ရည်ရွယ်ချက်။ ။ အမျိုးသားများ နှင့် အမျိုးသမီးများ၏ အခက်အခဲများအား သိရှိစေရန်၊ ကျေးရွာ၏ မျှော်မှန်းချက်များအား သိရှိစေရန်၊ ဦးစားပေး လုပ်ငန်းစဉ်များအား သိရှိစေရန်၊ စီမံကိန်းလုပ်ငန်းစဉ်များအား ဦးဆောင်လုပ်ကိုင်နိုင်မည့် စီမံခန့်ခွဲမှုကော်မတီဝင်များ ထွက်ပေါ်လာစေရန်။

ဆွေးနွေးချက်။ ။ ဒေါ်ရိုးစာဗီဦးမှ အမျိုးသား၊ အမျိုးသမီးများအား အိုးခြားခွဲစေ၍ ၎င်းတို့၏ အခက်အခဲများ၊ ကျေးရွာအတွက် မျှော်မှန်းချက်များကို ဖော်ထုတ်ခဲ့သည်။ ၎င်းအခက်အခဲများမှ မျှော်မှန်းချက်သို့ ရောက်ရှိရန် စီမံကိန်းလုပ်ငန်းစဉ်များဖြင့် သွားမှသာ ရရှိနိုင်မည်ဖြစ်ကြောင်းကို ပြောကြားခဲ့သည်။ အမျိုးသား၊ အမျိုးသမီးများ၏ ထွက်ပေါ်လာသော ဖွံ့ဖြိုးရေးလုပ်ငန်းများအား ပေါင်းရေး၍ မဲစနစ်ဖြင့် ဦးစားပေးသတ်မှတ်ခဲ့သည်။
(၁) ဦးမျိုးအောင်လမ်း ကွန်ကရစ်လမ်းခင်းခြင်း (၂) ဦးကျော်ဦးလမ်း ကွန်ကရစ်လမ်းခင်းခြင်း (၃) ကန်ပတ်လမ်း ကွန်ကရစ်လမ်းခင်းခြင်း တို့ကို အများဆန္ဒဖြင့် ပွင့်လင်းမြင်သာမှုရှိစွာ ရွေးချယ်ခဲ့ပါသည်။

ဆုံးဖြတ်ချက်။ ။ ကျေးရွာ၏ ဦးစားပေး လုပ်ငန်းများအား စီမံခန့်ခွဲနိုင်ရန် ကျေးရွာ စီမံကော်မတီ ခေါင်းဆောင် တာဝန်ရှိရမည်ဟု ဆွေးနွေး၍ ၎င်းတို့၏ တာဝန် ဝတ္တရားများ အမျိုးသား၊ အမျိုးသမီး ၅ ဦး စီ တာဝန်ရှိရမည်ဟု ပြောကြားခဲ့၍ ကျေးရွာလူထုအား (၃၁ ဦး) စီ အဆိုပြုရာ ဦးချစ်တဲမောင် နှင့် ဒေါ်အေးအေးမြင့် တို့ကို ရွေးချယ်ခံခဲ့ရပါသည်။

- ကျေးရွာငွေစာရင်းကိုင်အတွက် (၁၁ ဦး အဆိုပြု၍ မဲပေးရွေးချယ်ခဲ့ရာ ဒေါ်ယုယုနိုင် မှ ရွေးချယ်ခံရပါသည်။ ဝယ်ယူရေးဆပ်ကော်မတီအတွက် မဲပေးရာ ဦးကျော်ဂူ၊ ဦးမိုးနိုင်၊ ဒေါ်သင်းသင်းအေး တို့ ရွေးချယ်ခဲ့သည်။ လည်ပတ်ထိန်းသိမ်းရေးဆပ်ကော်မတီအတွက် မဲပေးခဲ့ရာ ဦးလှဦး (အရှေ့)၊ ဒေါ်မြင့်မြင့်ဝေ၊ ဒေါ်ညိုညိုဆွေ တို့ကို ရွေးချယ်ခဲ့သည်။ စောင့်ကြည့်ကြီးကြပ်ရေး ကော်မတီ တွင် ဒေါ်ဘဲသဲယုဉ်၊ ဦးညွန့်ရွှေ၊ ဦးစင်းဟန် တို့မှ ရွေးချယ်ခံရပါသည်။ ဝေဖန်အကြံပြုတိုင်ကြားချက်ပြေရှင်းရေး အဖွဲ့အတွက် ဦးလှဦး (အနောက်)၊ ဒေါ်စန်းကြည်၊ ဒေါ်စန်းစန်းအေး တို့မှာ မဲများဆန္ဒ ဖြင့် ရွေးချယ်ခံခဲ့ရပါသည်။

ဆုံးဖြတ်ချက် ။ သဘောတူညီချက်

။ ကျေးရွာလူထုအား တစ်ဖန်၍ ဒေါ်ရိုးတာဖိုဦး မှ ယခု မဲပေးရွေးချယ်မှု အပေါ် ကျေးရွာလူထု၏ သဘောထားကို တစ်ဖန်မေးမြန်း၍ အများ သဘောတူညီချက်ဖြင့် ပွင့်လင်းမြင်သာမှု ဖြင့် မဲပေး ရွေးချယ်ခဲ့ကြောင်း ပြောကြား၍ ရွေးချယ်ခံရသူများကို လက်ခံပါသလား ဟု၍ မေးမြန်းရာ အားလုံး သဘောတူညီသဖြင့် ရွေးချယ်ခံ ကော်မတီဝင်များကို ကျောင်းရန်၊ ဆောင်ရန် နှင့် လိုအပ်သော ကိုယ်ရေး အချက်အလက်များ၊ လက်မှတ်များ ရေးထိုးစေ၍ ကျေးရွာသူ ကျေးရွာသားများ၏ သဘောတူညီမှု ဖြင့် ဆောင်ရွက်ခဲ့ပြီး အစည်းအဝေးအား ရုပ်သိမ်းခဲ့ပါသည်။

(signature)

မှတ်တမ်းတင်သူ
ဒေါ်ရိုးတာဖိုဦး
လူထုစည်းရုံးရေးမှူး

ကျေးရွာဖွံ့ဖြိုးရေးစီမံချက်အရည်အသွေးထိန်းချုပ်မှု (Checklist for VDP)

ထိန်းချုပ်သူ- ရက်စွဲ- ရွာ- VDP ရက်စွဲ-
မြို့နယ်- ကျေးရွာအုပ်စု-

(၁) VDP စာရွက်စာတမ်းပြီးဆုံးမှုကို စစ်ဆေးပါ။ (OM အရ)

- မျက်နှာဖုံး (အဖုံး)
- မာတိကာ
- ကျေးရွာအခြေခံ Data
- PSA အကျဉ်းချုပ်နှင့် PRA လုပ်ငန်းစဉ်
- အမျိုးသား/အမျိုးသမီးအဖွဲ့များ၏ အခက်အခဲများ
- ကျေးရွာမျှော်မှန်းချက် (ဆွေးနွေးချက်ရလဒ်)
- အမျိုးသား/အမျိုးသမီးအဖွဲ့များသဘောတူထားသည့် နောင်လေးနှစ်အတွက် ဦးစားပေးလုပ်ငန်းများစာရင်း (အခြေခံအဆောက်အဦး၊အသက်မွေးမှု၊ ပညာရေး၊ လူမှုရေးထိန်းသိမ်းမှု....)

နောက်ဆက်တွဲများ-

- လူမှုရေးအကဲဖြတ်မှု စာရွက်စာတမ်းဓါတ်ပုံနှင့် PRA လုပ်ငန်းစဉ် (ဖြစ်နိုင်လျှင်)၊ မြေပုံများ ပါရမည်၊ စည်းစိမ်ပိုင်ဆိုင်မှုအဆင့်၊ venn ပုံ...
- ကျေးရွာစီမံကိန်းရေးဆွဲရေးအစည်းအဝေးမိတ္တူ
- ကျေးရွာ၏အချက်အလက် (PC 1 ပုံစံ)
- ကျေးရွာမျှော်မှန်းချက်

(၂) လူမှုရေးအကဲဖြတ်မှုအရည်အသွေးနှင့် VDP စစ်ဆေးပါ။

- VDP တွင်ပါဝင်သောဦးရေ (အမျိုးသား/အမျိုးသမီး)- ၊
- လူမှုရေးအကဲဖြတ်မှုအရည်အသွေးနှင့် VDP အတွက် ရက်ပေါင်း-
- PRA ပစ္စည်းများ အသုံးပြုသည့် အရေအတွက်-
- ပါဝင်သောဦးရေနှင့် လုပ်ငန်းများ မှတ်တမ်းတင်ခြင်း (အစည်းအဝေးမှတ်တမ်း၊ အဖွဲ့ဓါတ်ပုံ၊ တိုင်းရင်းသားအနည်းစုနှင့် ထိခိုက်လွယ်သော အဖွဲ့များ)
  - အလွန်ကောင်း
  - ကောင်း
  - ညံ့
- လုပ်ငန်းများ မှတ်တမ်းတင်ခြင်းနှင့် အမျိုးသမီးအဖွဲ့အစည်းအဝေး၏ရလဒ် အားခွဲခြားပေးထားသလား။
  - ရှိ
  - မရှိ
- စီမံကိန်းအရေအတွက် (အမျိုးသား/အမျိုးသမီးရွေးချယ်မှုအရေအတွက်)- ၊
- PRAနှင့်သက်ဆိုင်သောအခြား စီမံကိန်းအရေအတွက် (အမျိုးသား/အမျိုးသမီးရွေးချယ်မှုအရေအတွက်)- ၊